# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ။
## (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၁။)
## ၁၃၁၁ ခု၊ ဝါဆိုလဆန်း ၇ ရက်။
## (၁၉၄၉ ခု၊ ဇူလိုင်လ ၁ ရက်။)

[ ပြင်ဆင်: 19.10.1950 ]

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကိုထုတ်ပြန် ကျေညာသည်။

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ **၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများမှတ်ပုံတင်ရေး အက်ဥပဒေ**ဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာ၍ သတ်မှတ် သည့်နေ့ရက်၌၊ အာဏာတည်ရမည့်ပြင်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းပါဝင်သော အရပ်ဒေသများကို ပိုင်းခြားပြီး၊ နေ့ရက်များကိုခွဲခြား၍ သတ်မှတ်နိုင်သည်။

၂။ ။ (၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေ ထိုင်သူအားလုံးကို မှတ်ပုံတင်ထားသော မှတ်ပုံတင်စာရင်းတခုထားရှိ၍၊ ထိုမှတ်ပုံတင်စာရင်းတွင် ဇယား၌သီးခြားဖော်ပြ ထားသောကိစ္စများနှင့်စပ်လျဉ်း၍၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများဖြင့်ပြဋ္ဌာန်းထား သည့်ထိုသူများနှင့် ပတ်သက်သော အကြောင်းအရာများကို ရေးမှတ်ထားရမည်။

(၂) အဆိုပါ မှတ်ပုံတင်စာရင်းကိုပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများမှတ်ပုံတင်စာရင်းဟု ခေါ်ရမည်။ ထိုစာရင်းကို ဤမှနောင်အဘို့တွင်မှတ်ပုံတင်စာရင်းဟု ရည်ညွှန်းသည်။

၃။ ။ (၁) နိုင်ငံတော်သမတသည်၊မှတ်ပုံတင်စာရင်းကို ထားရှိရန်အလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တဝှန်းလုံးအတွက် မှတ်ပုံတင်အရာရှိချုပ်တဦး ခန့်ထားနိုင်သည်။

(၂) နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေအရ တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန်၊ ဒေသအသီးသီးအတွက် မှတ်ပုံတင်အရာရှိ၊ လက်ထောက်မှတ်ပုံတင်အရာရှိနှင့် အခြားရာထမ်းမှုထမ်းများ ခန့်ထားနိုင်သည်။

(၃) မှတ်ပုံတင်အရာရှိချုပ်၊ မှတ်ပုံတင်အရာရှိ၊ လက်ထောက်မှတ်ပုံတင်အရာရှိနှင့် အခြားရာထမ်းမှုထမ်းများ၏ တာဝန်ဝတ်တရားများ၊ အာဏာများနှင့် လုပ်ငန်းဆောင်တာများသည်၊ ဤအက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေများအရ ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ရမည်။

<ပြင်ဆင် 19.10.1950>

၄။ ။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူတိုင်းသည်၊ မှတ်ပုံတင်ရန် အတွက်ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေများအရဖြစ်စေ၊ တောင်းဆိုသည့် အကြောင်းအရာများကို ပေးရမည်။

(၂) မှတ်ပုံတင်အရာရှိသည်၊ သို့တည်းမဟုတ် လက်ထောက်မှတ်ပုံတင်အရာရှိသည်၊ မှတ်ပုံတင်ထားသူ တိုင်းနှင့်စပ်လျဉ်း၍၊ ပြဋ္ဌာန်းထားသည့်အကြောင်း အရာများပါရှိသော မည်သူဖြစ်ကြောင်း သက်သေခံ သည့်ကပ်ပြားတချပ်ကို၊ ဤအက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေများနှင့်အညီ၊ ထုတ်ပေးရမည်။ ထိုကပ်ပြားကို ဤမှနောက်အဘို့တွင်သက်သေခံကပ်ပြားဟု ရည်ညွှန်းသည်။

၅။ ။ (၁) နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်စေခြင်းငှါ၊ နည်းဥပဒေများကို အမိန့်ကြော်ငြာစာဖြင့်ပြုလုပ်နိုင်သည်။

(၂) အထူးသဖြင့်၊ ထို့ပြင် အထက်ဆိုခဲ့သည့် အခွင့်အာဏာ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ထိုနည်းဥပဒေများသည် အောက်ပါကိစ္စများကို ပြဋ္ဌာန်းနိုင်သည်။

(က) စာရင်းများပြုလုပ်ခြင်း၊ စုဆောင်းခြင်း၊ သို့တည်းမဟုတ် ပေးအပ်ခြင်း။

(ခ) စာရင်းပုံစံ။

(ဂ) သက်သေခံကပ်ပြားပုံစံ။

(ဃ) သက်သေခံကပ်ပြားများကို စစ်ဆေးရန်တင်ပြခြင်း။

(င) ပျောက်ဆုံးသွားသော၊ သို့တည်းမဟုတ် ပျက်စီးသွားသော သက်သေခံကပ်ပြားများအစား သက်သေခံကပ်ပြားအသစ်များကို အခကြေးငွေယူ၍ ထုတ်ပေးခြင်း။

(စ) သက်သေခံကပ်ပြားများပြန်အပ်ခြင်း။

(ဆ) မှတ်ပုံတင်စာရင်းမှ ထုတ်ပယ်သင့်သူများကိုထုတ်ပယ်ခြင်း။

(၃) နည်းဥပဒေများတွင် ပြည်ထောင်စုမြန်မာနိုင်ငံရှိ အရပ်ဒေသ အမျိုးမျိုးအတွက် ကွဲပြားခြားနားသော ပြဋ္ဌာန်းချက်များ ပါရှိနိုင်သည်။

၆။ ။ (၁) မည်သူမဆို-

(က) ဤအက်ဥပဒေကိစ္စများအလို့ငှါ၊ အကြောင်းအရာတခုခုကို ဖေါ်ပြရာ၌ သိလျက်နှင့်ဖြစ်စေ၊ အရမ်းမဲ့ဖြစ်စေ၊ အရေးကြီးသော အချက်၌ မဟုတ်မမှန်သော အကြောင်းအရာတခုခုကို ဖေါ်ပြလျှင်သော်ငှင်း၊

(ခ) လိမ်လည်ရန်အကြံအစည်နှင့်-

(၁) မိမိသည်၊ သို့တည်းမဟုတ် အခြားသူတဦးတယောက်သည်၊ သက်သေခံကပ်ပြားတွင် ဖေါ်ပြထားသူဖြစ်သည်ဟု မဟုတ်မမှန်ဖေါ်ပြလျှင်သော်ငှင်း၊

(၂) ဤအက်ဥပဒေနှင့်အညီ ပြုလုပ်သည့်နည်းဥပဒေများအရ၊ မိမိကိုယ်တိုင်ထိန်းသိမ်းထားရန် တာဝန်ရှိသော သက်သေခံကပ်ပြားကို အခြားသူတဦးတယောက်အားလက်ရှိထားခွင့်ပြုလျှင်သော်ငှင်း၊

(၃) သက်သေခံကပ်ပြားနှင့် အထင်မှားစေလောက်အောင် ဆင်တူယိုးမှားပြုလုပ်ထားသော စာရွက်စာတမ်းတခုခုကို လက်ရှိထားလျှင်သော်၎င်း၊

ထိုသူသည် ဤအက်ဥပဒေအရ ပြစ်မှုကျူးလွန်သည်။

(၂) မည်သူမဆို၊ ဤအက်ဥပဒေအရ၊ နည်းလမ်းတကျ ဆင့်ဆိုသည့် အတိုင်းလိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ဤအက်ဥပဒေအရ၊ ပြုလုပ်သည့်နည်းဥပဒေတခုခုကို ကျူးလွန်လျှင်၊ သို့တည်းမဟုတ် နည်းဥပဒေအတိုင်း လိုက်နာရန်ပျက်ကွက်လျှင်ဖြစ်စေ၊ ထိုသူသည် ဤအက်ဥပဒေအရ ပြစ်မှုကျူးလွန်သည်။

(၃) ဤအက်ဥပဒေအရ ပြစ်မှုကျူးလွန်သူတိုင်းကို ပြစ်မှုထင်ရှားစီရင်သောအခါ၊ နှစ်နှစ်ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ငွေဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ရမည်။

သို့သော်ရာဇဝတ်ကျင့်ထုံးဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ ထိုပြစ်မှုကျူးလွန်သူကို အကျဉ်းစစ်ဆေး၍ ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခြောက်လထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင် ဒဏ်ဖြစ်စေ၊ ငွေနှစ်ရာထိငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ငွေဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ရမည်။

၇။ ။ နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ မည်သူကိုမဆို၊ သို့တည်းမဟုတ် မည်သည့်လူအမျိုးအစားကိုမဆို၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးနှင့်ဖြစ်စေ၊ တခုခုနှင့်ဖြစ်စေ သက်ဆိုင်ခြင်းမှသော်၎င်း၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေတခုခုနှင့်၊ သို့တည်းမဟုတ် နည်းဥပဒေအားလုံးနှင့် သက်ဆိုင်ခြင်းမှသော်၎င်း၊ ကင်းလွတ်ခွင့်ပြုနိုင်သည်။

<ပြင်ဆင် 19.10.1950>

**ဇယား။**

မှတ်ပုံတင်စာရင်းတွင်ရေးသွင်းရမည့်အကြောင်းအရာများနှင့်စပ်လျဉ်းသည့် ကိစ္စများ။

၁။ ။ အမည်။

၂။ ။ ယောကျာ်း၊ သို့တည်းမဟုတ်မိန်းမ။

၃။ ။ အသက်နှင့်မွေးဖွါးသည့်နေ့ရက်။

၄။ ။ မွေးဖွါးရာတိုင်းပြည်။

၅။ ။ နိုင်ငံသား။

၆။ ။ အလုပ်အကိုင်၊ အရောင်းအဝယ်။

၇။ ။ နေရပ်။

၈။ ။ အိမ်ထောင်ရှိလျှင်၊ လင်၊ သို့တည်းမဟုတ် မယား အမည်။

။ ရေတပ်၊ အရံရေတပ်၊ ကုန်းတပ်၊ အရံကုန်းတပ်၊ သို့တည်းမဟုတ် လေတပ်၊ အရံလေတပ် တွင် တပ်သားတဦးဖြစ်ကြောင်း၊

၉။ သို့တည်းမဟုတ် နယ်ပယ် စောင့်စစ်တပ်၊ သို့တည်းမဟုတ် အကူတပ်များတွင် တပ်သားတဦးဖြစ်ကြောင်း၊ သို့တည်းမဟုတ် မြို့ပြကာ ကွယ်ရေးအဖွဲ့များ၊ သို့တည်းမဟုတ် အရံအဖွဲ့များတွင် အဖွဲ့ဝင်တဦးဖြစ်ကြောင်း။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊
နိုင်ငံတော်ယာယီသမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၁ ခု၊ ဝါဆိုလဆန်း ၇ ရက်။
(၁၉၄၉ ခု၊ ဇူလိုင်လ ၁ ရက်။)

အမိန့်အရ၊
ရွှေဘော်၊
နိုင်ငံတော်သမတအတွင်းဝန်။
[အမှတ် ၁၀၇]